**သို့**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ - ၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက်

**အကြောင်းအရာ။ ။ ကရင်ပြည်နယ်၊ မူတြော် (ဖာပွန်) ခရိုင်အတွင်း အစိုးရတပ်များ ချက်ချင်းရုပ်သိမ်းပေးရန်နှင့် စစ်ဆင်ရေးလမ်းဖေါက်လုပ်သွားမည့် အစီအစဉ်ကို ရပ်တန့်ရန် အသနားခံလွှာပေးပို့ပန်ကြားခြင်း။**

ကရင်ပြည်နယ်၊ မူတြော်ခရိုင်မြောက်ပိုင်း၊ လူသောမြို့နယ်တွင်နေထိုင်နေကြသည့် ကျွန်ုပ်တို့ဌာနေကရင်တိုင်းရင်းသားကျေးရွာ (၁၆) ရွာမှ အကြီးအကဲများအနေဖြင့် ကျွန်ုပ်တို့ဒေသအတွင်း ၂၀၁၈ ခုနှစ်၊ မတ်လ (၄) မှ စတင်လာသော ဗမာတပ်မတော်၏စစ်ဆင်ရေးကြောင့် ကျွန်ုပ်တို့၏ကျေးရွာလူထုအသိုင်းအဝန်းမှ လူဦးရေ ၂၀၀၀ ကျော်သည် အိုးပစ်အိမ်ပစ်ထွက်ပြေးတိမ်းရှောင်နေရသည့်အကြောင်းကို လူကြီးမင်းအား အသိပေးလိုပါသည်။ ကျွန်ုပ်တို့၏ကျေးရွာနှင့်လယ်ယာမြေများကို ဖြတ်သန်းသည့် စစ်ဆင်ရေးလမ်းကို ဆောက်လုပ်ရန်အတွက် ဗမာတပ်မတော်သည် ကျွန်ုပ်တို့ဒေသထဲသို့ ဝင်ရောက်လာပြီး တချိန်တည်းတွင် ရွာသူရွာသားများအား သေနတ်ဖြင့်ပစ်ခတ်ခဲ့သလို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ၏စစ်သည်များနှင့် အကြိမ်မြောက်များစွာ ပစ်ခတ်မှုများဖြစ်ပွားခဲ့သည်။

ကျွန်ုပ်တို့ဌာနေကရင်တိုင်းရင်းသားများသည် ၁၉၇၄ ခုနှစ်မတိုင်ခင်အချိန်အထိ တောင်ယာခုတ်ခြင်း၊ လယ်ယာစိုက်ပျိုးခြင်း၊ နှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်းများဖြင့် ဖူလုံစွာ အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ခဲ့ပါသည်။ သို့သော်လည်း ၁၉၇၄ နှင့် ၂၀၁၀ ခုနှစ်အကြားတွင် ဗမာ့တပ်မတော်မှ ကရင်အမျိုးသားအစည်းအရုံး (KNU) အားချေမှုန်းရန်အတွက် ကျွန်ုပ်တို့ဒေသအတွင်း ထိုးစစ်များအဆက်မပြတ်ပြုလုပ်ခဲ့ပြီး အပြစ်မဲ့ပြည်သူများကို နှိပ်စက်ညှဉ်းပန်းခြင်း၊ သတ်ဖြတ်ခြင်း၊ အိမ်မွေးတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပစ္စည်းဥစ္စာလုယူခြင်း၊ ရွာနှင့်စားနပ်ရိက္ခာများကို မီးရှို့ဖျက်ဆီးခြင်း၊ စသည်များနှင့်အတူ ကျွန်ုပ်တို့အား အိုးမဲ့အိမ်မဲ့ဒုက္ခသည်ဘဝသို့ အကြိမ်များစွာတွန်းပို့စေခဲ့သည်။ ရွာသူရွာသားများစွာမှ ထိုင်းနိုင်ငံအတွင်းသို့ ဒုက္ခသည်အဖြစ် ဆန္ဒမပါဘဲ မိမိအသက်ဘေးကင်းရေးအတွက် မဖြစ်မနေသွားရောက်ခိုလှုံခဲ့ကြရသည်။ ဤကဲ့သို့ဗမာတပ်မတော်၏ လူမဆန်အကြမ်းဖက်မှုကို ဆယ်စုနှစ်များစွာကြုံခဲ့ရသောကျွန်ုပ်တို့မှာ နှစ်ရှည်လများစိတ်ဒဏ်ရာများရရှိခဲ့ပြီး "ဗမာ့တပ်မတော်"ဟူသော အသံကိုကြားရရုံဖြင့် အိမ်မက်ဆိုးများမက်သဖွယ် ထိတ်လန့် စိုးရိမ်နေဆဲဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် KNU နှင့် မြန်မာအစိုးရအကြား နှစ်ဦးနှစ်ဖက်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ် ချုပ်ပြီးနောက်ပိုင်းတွင် ဗမာ့တပ်မတော်မှ ကျွန်ုပ်တို့အပေါ် တိုက်ခိုက်မှုများရပ်တန့်သွားပြီး ၎င်း၏စစ်တပ်များကို ကျွန်ုပ်တို့ဒေသမှ ရုပ်သိမ်းခြင်းများပြုလုပ်ကာ ကျွန်ုပ်တို့ဒေသခံပြည်သူများသည်လည်း မိမိနေရပ်သို့ပြန်လည်အခြေချနေထိုင်ပြီး ရွာများပြည်လည်တည်ဆောက်နိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်မျှော်လင့်ခဲ့မိပါသည်။ သို့သော်လည်း လက်တွေ့မှာမူ ကျွန်ုပ်တို့၏မျှော်လင့်ချက်များနှင့်ဆန့်ကျင်စွာပင် ဗမာတပ်မတော်သည် ၎င်း၏စစ်တပ်များကိုမရုပ်သိမ်းသည့်အပြင် ရှိရင်းစွဲတပ်စခန်းများပိုမိုခိုင်မာအောင်တည်ဆောက်ခြင်း၊ စခန်းအသစ်များတိုးချဲ့တည်ဆောက်ခြင်း၊ စသည်

များကို ပြုလုပ်လာခဲ့သည်။ ဤသို့သောဗမာတပ်မတော်၏လုပ်ရပ်များက ယခုအခါ ကျွန်ုပ်တို့၏အိုးအိမ်ဘဝ လုံခြုံရေး အတွက် ခြိမ်းခြောက်မှုနောက်တဖန် ဖြစ်စေနေပြီဖြစ်သည်။

ထို့အပြင် ကျွန်ုပ်တို့နေရပ်၌ ဖေါက်လုပ်သည့် ဗမာစစ်တပ်၏လမ်းများသည် သူတို့၏ လှုပ်ရှားသွားလာမှုနှင့် စစ်လက် နက်များသယ်ယူပို့ဆောင်မှုများကို ပိုမိုလွယ်ကူစေသောကြောင့် ကျွန်ုပ်တို့အတွက် စိုးရိမ်ကြောက်ရွံ့မှုကို မြင့်မားစေ ပါသည်။ ကျွန်ုပ်တို့ရွာသူရွာသားများမှာ ထိုလမ်းများ၏အနီးတဝိုက်၌ မကြာခဏဆိုသလို ဗမာစစ်တပ်၏ပစ်ခတ်မှုကို ကြုံတွေ့ရသည်။ သာဓကတခုအနေဖြင့် လွန်ခဲ့သော ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့၊ နံနက် ၁၀ နာရီအချိန် တွင် လူသောမြို့နယ်၊ ကဆောထယ်ကျေးရွာပိုင်ဘုံသစ်တော၏အဖွဲ့သားဖြစ်သည့် စောမော်ခေသည် အခြားရွာသူရွာ သားများနှင့်အတူတောင်ယာခုတ်နေစဉ် ဗမာစစ်တပ်၏ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည်။

ယခုအခါ ဗမာတပ်မတော်၏ နယ်ကျွံတိုးချဲ့ဝင်ရောက်လာမှုများကြောင့် ကျွန်ုပ်တို့၏အသက်အိုးအိမ်လုံခြုံရေးမှာ ခြိမ်း ခြောက်မှုများအောက်တွင် ရှိနေပါသည်။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှစပြီး ရွာသူရွာသားများမှာ ဆန်စ ပါးများကိုသယ်ဆောင်စုဆောင်းနေစဉ် ဗမာ့တပ်မတော်၏ပစ်ခတ်မှုကို ၄ ကြိမ် ရင်ဆိုင်ခဲ့ရသည်။

ထို့အပြင် လက်ရှိတွင် ကျွန်ုပ်တို့ဒေသအတွင်း စစ်ဆင်ရေးလမ်းဆောက်လုပ်မည့် ဗမာတပ်မတော်၏အစီအစဉ် ကြောင့် ကျွန်ုပ်တို့သည် မိမိဘိုးဘွားမြေပေါ်နှင့်ကျေးရွာများမှ ထာဝရဖယ်ခွာရမည့်အခြေအနေနှင့်ရင်ဆိုင်ရပြီး ဆင်းရဲ ခေါင်းပါးမှုနှင့် စားနပ်ရိက္ခာမလုံလောက်မှုပြဿနာများနှင့် ကြုံတွေ့ရမည်ဖြစ်သည်။ ဗမာ့တပ်မတော်၏ လတ်တ လောလှုပ်ရှားမှုများကြောင့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် ရွာသားပေါင်း ၂၃၀၀ ဦးတို့သည် တောထဲတွင် ထွက်ပြေးတိမ်းရှောင်နေရပြီး အခြားရွာသူရွာသားပေါင်း ၆၀၀ ကျော်တို့သည်လည်း ထွက် ပြေးတိမ်းရှောင်ရန် စိုးရိမ်ရသည့်အနေအထားတွင်ရှိနေပါသည်။ တောတောင်လျှို့မြောင်ထဲတွင် အေးလှသည့်ရာသီဥ တုဒဏ်ကို ခံစားလျက် ပုန်းအောင်းနေကြရပြီး စိတ်ပိုင်းဆိုင်ရာဒဏ်ရာများနှင့် ရောဂါအမျိုးမျိုးကိုလည်းခံစားရလျက် ဆေးဝါးနှင့်အစားအသောက်လုံလောက်မှုမရှိသည့်အတွက် အခြေအနေများ ပိုမိုဆိုးရွားစေပါသည်။

ဌာနေကရင်တိုင်းရင်းသားဖြစ်သည့်အားလျော်စွာ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့နေထိုင်ရာဒေသအကြား၌ ကြီးမားသော ယုံကြည်ရာဆက်နွယ်မှုများရှိသည်။ ဗမာတပ်မတော်က ပြန်လည်ပြင်ဆင်ဖေါက်လုပ်သွားမည့် ယခုစစ်ဆင်ရေးလမ်း သည် ကျွန်ုပ်တို့အလေးအမြတ်ထားရာ သစ်တော၊ တောင်၊ ဂူသင်္ချိုင်းနှင့် ကျွန်ုပ်တို့အတွက် လူမှုရေးအရ၊ ဘာသာ ရေးအရ အရေးကြီးသောလယ်မှုပလောဒေသကို ဖျက်ဆီးသွားမည်ဖြစ်သည်။ ဌာနေကရင်တိုင်းရင်းသားလူမျိုးတစ် မျိုးအနေဖြင့် ကျွန်ုပ်တို့၏ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်ဖြစ်သည့် "ကော်" ကို စီမံခန့်ခွဲခြင်း၊ ကျွန်ုပ်တို့အ လေးအမြတ်ထားရာ ဘာသာရေးဓလေ့များကိုကျင်းပခြင်း၊ ကျွန်ုပ်တို့၏ယဉ်ကျေးမှုလက္ခဏာများကို စောင့်ထိန်းကျင့် သုံးခြင်း၊ စသည်များကိုလုပ်ဆောင်ရန်လိုအပ်နေချိန်တွင် ကျွန်ုပ်တို့ဒေသအတွင်း ဆက်လက်တပ်စွဲနေရာယူနေသော ဗမာတပ်မတော်နှင့် ၎င်း၏စစ်ဆင်ရေးကြောင့် လိုက်ပါလာသော အဆုံးမသတ်နိုင်သည့် ထွက်ပြေးတိမ်းရှောင်နေရမှု များက ကျွန်ုပ်တို့ဌာနေကရင်တိုင်းရင်းသားလူမျိုး၏ဓလေ့ထုံးတမ်းအတွက် အဟန့်အတားဖြစ်စေသည်။

လူသားချင်းအနေဖြင့် ကျွန်ုပ်တို့၏ငိုသံနှင့်နာကျင်မှုများကို စာနာနားလည်ပေးရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အသနားခံပန်ကြားအပ်ပါသည်။ ကြောက်ရွံ့စွာနေထိုင်အသက်ရှင်နေရသည့်ဘဝမှလွတ် မြောက်ရန်နှင့် ကျွန်ုပ်တို့၏မိသားစုများ ငြိမ်းချမ်းစွာရပ်တည်ရှင်သန်နေထိုင်နိုင်ရန်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပု ဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်မှ ကျွန်ုပ်တို့အတွက်မားမားမတ်မတ်ရပ်တည်ပေးရန် အနူးအညွတ်ပန်ကြားအပ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အောက်ပါအချက်များကို ကူညီဆောင်ရွက်ပေးပါရန် အနူးအညွတ်ပန်ကြားအပ်ပါသည်။

၁။ ကျွန်ုပ်တို့ဒေသအတွင်း ဗမာတပ်မတော်၏ စစ်ဆင်ရေးရပ်တန့်ရေး၊ နှင့် တိုးချဲ့ဝင်ရောက်သည့် အစိုးရတပ်များကို ချက်ချင်းပြန်လည်ရုပ်သိမ်းပေးရေးအတွက် ဖိအားပေးတောင်းဆိုရန်။

၂။ ကျွန်ုပ်တို့၏ဒေသအတွင်း ဗမာတပ်မတော်၏လမ်းဖေါက်လုပ်မှုအစီအစဉ်အားလုံးရပ်တန့်ရေးအတွက် တောင်းဆိုပေးရန်။

၃။ ကရင်ပြည်နယ်၊ မူတြော်ခရိုင်အတွင်း ဒေသခံများလုပ်ကိုင်စားသောက်ရာနေရာများနှင့်နီးပြီး ကျွန်ုပ်တို့၏ဘဝ၊ အသက်မွေးဝမ်းကျောင်းအပေါ် ခြိမ်းခြောက်မှုဖြစ်စေသလို နိုင်ငံတကာက အသိအမှတ်ပြုသည့် ကျွန်ုပ်တို့၏ဌာနေတိုင်းရင်းသားအခွင့်အရေးဖြစ်သည့် မိမိယုံကြည်ကိုးကွယ်ရာဘာသာဓလေ့ထုံးတမ်းလွတ်လပ်စွာကျင့်သုံးခွင့်အပေါ် ခြိမ်းခြောက်မှုဖြစ်စေသော အစိုးရစစ်တပ်စခန်း (၁၇)ခုအားရုပ်သိမ်းရေးအတွက် ဦးစားပေးဆောင်ရွက်ပေးရန်။


၄။ ကျွန်ုပ်တို့ဌာနေတိုင်းရင်းသားတို့သည် ဌာနေတိုင်းရင်းသားတို့အခွင့်အရေးရှိသည့်အတိုင်း ကျွန်ုပ်တို့၏အခြေအနေ၊ လိုအပ်မှု၊ ကျွန်ုပ်တို့လိုအပ်သောငြိမ်းချမ်းရေးပုံစံ၊ ကျွန်ုပ်တို့၏ယဉ်ကျေးမှုဓလေ့များနှင့် လိုက်လျောညီထွေသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ခွင့်ရှိပြီး မိမိအနာဂါတ်အတွက် မိမိကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ကို ဗမာတပ်မတော်မှ လေးစားအသိအမှတ်ပြုရေးအတွက် ကူညီတောင်းဆိုပေးရန်။

**လေးစားစွာဖြင့်**


ဌာနေကရင်တိုင်းရင်းသားလူထုခေါင်းဆောင်များ
လယ်မူပလောနှင့် ခေးပူကျေးရွာအုပ်စု
လူသောမြို့နယ်
မူတြော် (ဖာပွန်)ခရိုင်
ကော်သူးလေး/ကရင်ပြည်နယ်
မြန်မာနိုင်ငံ

## အသနားခံလွှာတင်ပြတောင်းဆိုသည့် ကျေးရွာပေါင်း(၁၆)ရွာမှလက်မှတ်များ


၁။




၂။




၃။




၄။




၅။




၆။




၇။




၈။




၉။




၁၀။




၁၁။




၁၂။




၁၃။



၁၄။



၁၅။



၁၆။

